အောင်သပြေကျေးရွာ

ဇလွန်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်သပြေကျေးရွာ၊ ဇလွန်မြို့နယ်



(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၁၂ |
| စကားချီး | ၁၃ |
| အောင်သပြေကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၁၅ |
| အောင်သပြေကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၁၆ |

# ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**


(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၇

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၂၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၅

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဇဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၇

(၈) ဦးစားပေးစီမံချက်များနှင့်ငှ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၃၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

# စီမံကိန်း ဇယားများ

**နောက်ဆက်တွဲ**


**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၈

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

**ဇယား** ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေရရှိမှု

ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

ဇယား ၃၆ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၇

**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

# ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၉**

**ကိုးကားစာရင်း** ၈၅

**အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက်** ၈၆

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် | |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဖေဖော်ဝါရီလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အောင်သပြေကျေးရွာ
ဇလွန်မြို့နယ်

## အောင်သပြေကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



# အောင်သပြေကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်

ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အောင်သပြေကျေးရွာသည် ဇလွန်-ဓနုဖြူကားလမ်းမကြီးနှင့် (၂)မိုင်အကွာတွင် တည်ရှိပါ သည်။ ဇလွန်မြို့၊ ဓနုဖြူမြို့တို့နှင့် ဆက်သွယ်သွားလာရေးလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့် ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)အထက်ရှိပြီး မိုးရာသီ တွင် မိုးစပါးစိုက်ပျိုးရေးကို မိုးရေဖြင့်လုံလောက်ပါသည်။ လယ်ယာမြေသည် စပါး၊ မတ်ပဲတို့ကို စိုက် ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

အောင်သပြေကျေးရွာသည် လယ်သမားများအတွက် မိုးစပါးကို မိုးရာသီတွင် မိုးရေအလုံ အလောက်ရရှိသဖြင့် မိုးစပါးစိုက်ပျိုးအောင်မြင်ပါသည်။ ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိ ကြပြီး မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါးစိုက်ဧက လယ်မြေဧက (၉၀)ခန့်ရှိပြီး မိုး စပါးနှင့် စပါးစိုက်ပျိုးပြီးလျှင် မတ်ပဲကိုအဓိကစိုက်ပျိုးပါသည်။ ကျေးရွာတွင် ခြံဥယျာဉ်မြေ (၈၆.၉၂၅)ဧကရှိပြီး ကွမ်းနှင့်အခြားရာသီပင်တို့ကို အဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမထွက်ရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရှိနိုင်မှုမရှိပါ။

နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင်သာ အလွယ်တကူရရှိနိုင်ပါသည်။ စားကျက်မြေ သီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသောအပင်များသာ ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၉၅)စုနှင့် ကျား(၄၄၄)၊ မ(၄၉၈)ဦးဖြင့် လူဦးရေပေါင်း(၉၄၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၇၀%ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၁၁%ပိုများ သဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး ရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်သမားများဖြစ်ကြ ပြီး ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူထက် အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမားပို၍များပါသည်။ ကျေးရွာတွင် အိမ်ထောင်စုများ၏ တစ်ဝက်နီးပါးခန့်သည် စိုက်ပျိုး မြေယာမဲ့များဖြစ်ကြပြီး နေ့စားကျပန်းအလုပ်များအား အဓိကထားလုပ်ကိုင်နေသူများဖြစ်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၁၀%)သာ ချမ်းသာအဆင့်တွင် ရှိပြီး (၃၄%)သည် အလယ်အလတ်အဆင့်၊ (၃၂%)သည် ဆင်းရဲသောအဆင့်နှင့်(၂၄%)သည် အလွန် မပြေလည်သောအဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင်စိုက်ပျိုးမြေယာမဲ့ အိမ်ထောင်စု အရေအတွက်(၄၄.၁%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုအများဆုံး ဖြစ်ကြ သည်။ လယ်သမားအချို့သာ လယ်ယာမြေသုံးစက်ကိရိယာများကို ပိုင်ဆိုင်ပြီး လယ်ထွန်စက်အပိုင် မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင်တစ်ဧက ကာလပေါက်ဈေး တစ်စပ်ထွန် (၁၅၀၀၀)ကျပ် ပေးငှားထွန်ရပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံခန့်ရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ငန်းအား အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ကျပန်းလုပ် သားများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက် ဖြက်ထိုးလုပ်ငန်းများ၊ ပန်းရံ၊ လက်သမားများစသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော အိမ်ထောင်စုများကို လေ့လာစမ်းစစ်မှုအရ အိမ်ထောင်စုများအားလုံးမှာ တစ်လစာဝမ်းစာ ဖူလုံကြပြီး (၁)လနှင့်အထက် ဝမ်းစာဖူလုံမှုမရှိပါ။ ချေးငွေအနေဖြင့် (UNDP၊ ကိုရီးယားချေးငွေနှင့် ငွေတိုးချေးသူများ)ထံမှ ချေးယူရရှိကြသည်။ ချေးငွေများကိုအသုံးပြုကြပုံမှာ စားသုံးရန်အတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

အောင်သပြေကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို (၆၄)နှစ် နှင့်အထက်(၇)ဦးနှင့် ဆင်းရဲ၍မိသားစုဦးရေများပြားသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁၀)စုရှိသော်လည်း ဆိုးဆိုးရွားရွားထိခိုက်နိုင်သည့် အခြေအနေမျိုးမရှိပါ။

ကျန်းမာရေးကဏ္ဍတွင် တီဘီရောဂါဖြစ်ပွားသူအိမ်ထောင်စု(၃)စုရှိသော်လည်း အန္တရာယ် ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း တွေ့ရသည်။ ကျေးရွာတွင် ကျောင်းမနေသူမွေးရာပါ

အရိုးပျော့ရောဂါသည် (မ)(၁)ဦး၊ စွံ့အနားမကြားသူ ကျား(၂)ဦး၊ (မ)(၂) ဦး ရှိပါသည်။ ထိုသူများအတွက် သီးသန့်ထောက်ပံ့ရေးအစီအစဉ်မျိုးမရှိကြောင်း တွေ့ရှိရပါသည်။ လူငယ်လူရွယ်များလည်း အရက်သေစာသောက်စားမှုများ အလွန်နည်းပါးကြ၍ ထိခိုက်သက်ရောက်လွယ်မှု နည်းပါးပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျေးရွာသူကျေးရွာသားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်များလည်းကျန်းမာကြသည်။ ကျေးရွာရှိ ကိုယ်ဝန်ဆောင်နှင့် (၂)နှစ်အောက်ကလေးရှိသော အိမ်ထောင်စု(၂၅)စုကို ဦးတည်ပြီး Helen Kaller International (NGOအဖွဲ့အစည်း)မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးလုပ်ငန်းများကို လာရောက်ပြီးဆောင်ရွက်ပေးပါသည်။ ကလေးများ အာဟာရဓါတ်အတွက် organic ပါဝင်သော စိုက်ပျိုးရေးမျိုးစိတ်များ၊ ဖြန်းဆေးများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ(ဥပမာ–ရေထမ်းပုံး၊ ဇာစိမ်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရန်အတွက် ကြက်နှင့်ဘဲ)တို့အား ဝန်ဆောင်မှု ပေးပါသည်။ တစ်လလျှင် (၂)ကြိမ်ခန့် ကျန်းမာရေးအတွက် ပေါင်ချိန်ခြင်းများပြုလုပ်ကာ လိုအပ်ချက်များရှိပါက ငွေကြေးနှင့် ပစ္စည်းထောက်ပံ့မှုများ ပြုလုပ်၍ လိုအပ်သည်များအား မှာကြားပြီး ကျန်းမာရေးဝန်ဆောင်မှုများ ပေးပါသည်။

ကျေးရွာတွင် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကို အာဟာရတိုက်ကျွေးမှုမှာလည်း ရွာမှအလှူရှင်များ၊ ကျောင်းသားမိဘများ၊ ဆရာ/ဆရာမများ၊ အလှူရှင်ရှိပါကလည်း အာဟာရတိုက်ကျွေးမှုများရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအုပ်စုအတွင်း၌ ဇော်ဂျီကွင်းကျန်းမာရေးဌာနခွဲနှင့် ကျေးရွာမှ ၁ မိုင်ခန့်အကွာရှိ ကျုံရှုတိုက်နယ်ဆေးရုံအားကား၊ထော်လာဂျီဆိုင်ကယ်တို့ဖြင့် လွယ်ကူစွာသွားရောက်ကုသနိုင်သည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ ရွာလယ်ပိုင်းတွင် မူလတန်းကျောင်းဆောင်ကို ဆောက်လုပ်ထားရှိပါသည်။ စာသင်ကျောင်းဆောင်ကြီးမှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းကျောင်းဆောင်ဖြစ်ပြီး (၂၀၀၁)ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ယခုအခါတွင် ကျောင်းအမိုးမှာ သံချေးတက်ပြီး အနည်းငယ်မိုးယိုပေါက်များရှိနေပါသည်။ ကျောင်းဆောင်အကျယ်အဝန်းမှာ (၆၀'x၃၀')တစ်ထပ်တိုက် (၁)ဆောင်ဖြစ်ပါသည်။ ကျောင်းအိမ်သာသည် တိုက်ခန်း(၂)ခန်းတွဲ(၁)လုံးနှင့် ကျောက်ခွေသစ်အိမ်သာ(၃)ခန်းတွဲတစ်လုံးတို့ရှိ၍ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် လုံလောက်မှုရှိပါသည်။ ကျောင်းဆရာ၊ဆရာမ(၉)ဦးတို့မှာ ကျောင်းဆရာ(၁)ဦး၊ ကျောင်းလုပ်သား(၁)ဦး၊ ကျောင်းဆရာမ(၄)ဦးနှင့် တိုင်းရင်းသားစာပေဆရာမ(၃)ဦးတို့ ဖြစ်ကြပြီး ဆရာ/တပည့်အချိုး ကိုက်ညီစွာရှိနေပါသည်။ အောင်သပြေကျေးရွာတွင် စာမတတ်သူဦးရေအနည်းအကျဉ်းသာရှိပါသည်။ ကျောင်းတက်နှုန်းမှာ မူလတန်းပညာရေးတွင် ကျား(၄၆)ဦး၊ မ(၅၃)ဦး၊ စုစုပေါင်း(၉၉)ဦး၊ အလယ်တန်းပညာရေးတွင် ကျား(၂၀)ဦး၊ မ(၃၀)ဦး၊ စုစုပေါင်း(၅၀)ဦး၊ အထက်တန်းပညာရေးတွင် ကျား(၁၆)ဦး၊ မ(၂၄)ဦး၊ စုစုပေါင်း(၄၀)ဦး၊ တက္ကသိုလ်ကောလိပ်ပညာရေးတွင် ကျား(၆)ဦး၊ မ(၉)ဦး၊ စုစုပေါင်း(၁၅)ဦးရှိပါသည်။ ကျေးရွာတွင် ဘွဲ့ရပြီးဦးရေးမ(၆)ဦးရှိပါသည်။ ကျေးရွာတွင် ရွာခံ ကျောင်းဆရာ(၁)ဦး၊ ကျောင်းဆရာမ(၃)ဦးနှင့် အခြားဒေသတွင်သွားရောက်တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းဆရာမ(၁)ဦးရှိပါသည်။

ကျေးရွာတွင် ပန်းရံ၊ လက်သမား၊ တောင်းယက် စသော အသက်မွေးဝမ်းကျောင်း အတတ်ပညာဖြင့် ကျွမ်းကျင်မှုလုပ်သားအနည်းစုသာရှိပါသည်။ထို့ကြောင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူငယ်အမျိုးသားများမှာ ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်းနှင့် လူငယ်အမျိုးသမီးများမှာ အပ်ချုပ်စက်သင်တန်းများအား တတ်ကျွမ်းလိုကြသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်တက်ကြွမှုရှိသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းအတွက် ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၃၀၀၀)ကျပ်ဖြစ်ပါသည်။ လုပ်အားခကွာခြားချက်များမှာ ကျား၊မလုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ မတူညီခြင်းဖြစ်ပါသည်။ အလုပ်အကိုင်များတွင် ကျား၊မတန်းတူအခွင့်အရေးများ ရရှိပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ကျား၊မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ကရင်လူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ခရစ်ယာန်ဘုရားကျောင်း(၂)ကျောင်း၊ ဗုဒ္ဓဘာသာဓမ္မာရုံ(၁)ကျောင်း ရှိပါသည်။ ကျေးရွာတွင် ခရစ်ယာန်ဘာသာကိုးကွယ်သူနှင့် ဗုဒ္ဓဘာသာကိုးကွယ်သူများရှိသော်လည်း စည်းစည်းလုံးလုံး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရိုင်းပင်းကူညီကြကာ ရပ်ရေးရွာရေးတို့တွင် အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။ ကျေးရွာတွင် ယခုအခါ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာမှကျပ်သိန်း(၁၅၀)နှင့် အလှူရှင်တို့ပူးပေါင်းပြီး ကျေးရွာမီးလင်းရေး ဆောင်ရွက်နေပါသည်။ ကျေးရွာမီးလင်းရေးကော်မတီမှ မှန်ကန်သောဦးဆောင်မှုဖြင့် ကျေးရွာသူကျေးရွာသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေပါသည်။ ကျေးရွာမီးလင်းပါက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးအဘက်ဘက် တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လယ်ယာမြေများတွင် မိုးစပါး၊ ဆောင်းစပါး၊ မတ်ပဲနှင့် ခြံမြေများတွင် ကွမ်းနှင့် အခြားရာသီပင်များ စိုက်ပျိုးကြပါသည်။ ကိုင်းလုပ်ငန်းလုပ်ကိုင်သူ(၁)ဦးသာ ရှိပါသည်။ မိုးစပါးတစ်ဧကပျမ်းမျှအထွက်မှာ(၇၀)တင်း၊ ဆောင်းစပါး တစ်ဧကပျမ်းမျှအထွက်နှုန်း(၉၀) တင်း၊ မတ်ပဲတစ်ဧကပျမ်းမျှအထွက်မှာ (၈)တင်းတို့ ထွက်ရှိသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်ရန် အတွက် တုံကင်တွင်းများမှ တစ်နှစ်ပတ်လုံး ရေသောက်ကေရရှိပါသည်။ မိုးစပါးနှင့်မတ်ပဲစိုက်ပျိုးသူများပြားသော်လည်း အထွက်နှုန်းအသင့်အတင့်သာရှိပြီး ဆောင်းစပါးစိုက်ပျိုးသူအနည်းစုသည် အထွက်နှုန်းကောင်းပါသည်။

ကျေးရွာတွင် မွေးမြူရေးကဏ္ဍထုတ်လုပ်မှုမှာ သွင်းကုန်၊ထုတ်ကုန်အတွက် ဈေးကွက်လက်လှမ်းမီခြင်း၊ မွေးမြူရေးပြုလုပ်ရန် မြေနေရာအလုံအလောက်ရှိခြင်း၊ မွေးမြူရေးအား စိတ်ဝင်တစားရှိကြခြင်းတို့ဖြင့် မွေးမြူရေးလုပ်ရန် အခွင့်အလမ်းကောင်းများရှိသော်လည်း စီးပွားဖြစ်ထုတ်ချေးငွေ

နှင့် နည်းပညာသိရှိမှုအားနည်းပါသဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူသူများသည်။ ဝက်မွေးမြူရေးတွင် ဝက်ဖျားရောဂါအဖြစ်များသောကြောင့် ဖြစ်ထွန်းမှုနည်းပါးပြီး စနစ်တကျမွေးမြူလိုကြသည်။ ကြက်နှင့်ဘဲတို့ကိုလည်း တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ငါးကန်ဖြင့် ငါးမွေးမြူ ရေးလုပ်ငန်းများရှိသော်လည်း စီးပွားဖြစ်ဝင်ငွေရအနေဖြင့် မွေးမြူခြင်းမဟုတ်ဘဲ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းသာဖြစ်ပါသည်။ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေး လုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူ မရရှိနိုင်ကြချေ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာသည် ဇလွန်–ဓနုဖြူလမ်းမကြီးအနီးတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် အရောင်းအဝယ်သမားများအတွက် ဒေသထွက်ကုန်များအား ဓနုဖြူဈေးသို့ ကိုယ်တိုင်တိုက်ရိုက်ရောင်းချခြင်းများ ပြုလုပ်နိုင်ပါသည်။ ဒေသထွက်ကုန်များအား ကျေးရွာသို့ အရောက် ဖောက်သည်များမှလာပြီး ကုန်ရောင်းကုန်ဝယ်စနစ်များလည်းရှိပါသည်။ ကျေးရွာမှ ကုန်ကြမ်းအနေဖြင့် ပိန်းနှင့် နနွင်း အနည်းငယ်ထွက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အိမ်ထောင်စုများအတွက် ကျေးရွာတွင် ပုံမှန်ဝင်ငွေရအလုပ်အကိုင်နည်းပါး၍ တစ်နယ်တစ်ကျေးတွင် အသက်မွေးဝမ်းကျောင်းပြုလုပ်နေသူများ (စက်ရုံအလုပ်သမား)လည်း ရှိပါသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် ၉၀၀၀၀၀/–ကျပ်မှ ၁၅၀၀၀၀/– ကျပ်အထိ ရရှိကြသည်။ တောင်းယက်၊ ပန်းရံ၊ လက်သမား အတတ်ပညာတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအချို့လည်း ရှိပါသည်။ ပန်းရံလက်သမားများ၏ တစ်နေ့လုပ်အားခမှာ ၇၀၀၀/–ကျပ်အထိ ရရှိကြပြီး ဆရာအဆင့်လုပ်အားခတွင် ၁၀၀၀၀/–ကျပ်အထိ ရရှိကြသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဆိုင်ကယ်ကယ်ရီပို့ဆောင်ခြင်းလုပ်ငန်းများ၊ ခေါင်းရွက်ဗြက်ထိုးဈေးသည်၊ အစိုးရဝန်ထမ်းအလုပ် လုပ်ကိုင်သူများလည်းရှိပါသည်။ စပါး၊ မတ်ပဲနှင့် ခြံစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ်လုပ်ကိုင်သူများသည် တစ်နေ့လုပ်အားခအများဆုံးမှာ ၅၀၀၀/–ကျပ် အထိ ရရှိကြသည်။ လုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခ အနည်းငယ် လျော့နည်းနေတတ်သည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါး၊မတ်ပဲခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလျှံခြင်းမှ ကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် လယ်သမားအနည်းစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ ( အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း ၁.၅ကျပ်)နှင့် UNDP ချေးငွေ (အတိုးနှုန်း ၂.၅ကျပ်)တို့ဖြင့် စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ (အတိုးနှုန်း၅ကျပ်)နှုန်းဖြင့် ချေးယူသူ အနည်းအကျဉ်းမျှသာရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်

ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါး ကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ပညာရေးကဏ္ဍ၌ မိဘဆရာအသင်းဖွဲ့စည်းထားရှိပြီး ကျေးရွာရပ်မိရပ်ဖ များမှလည်း ကျေးရွာသူကျေးရွာသားများနှင့်ပူးပေါင်း၍ လိုအပ်ချက်များကို ဆောင်ရွက်ကြသော ကြောင့် ပညာရေးအတွက် အခက်အခဲများမရှိလုပ်ဆောင်နိုင်ပါသည်။ ကျောင်းသားကျောင်းသူဦးရေ များပြားလာစေရန်နှင့် ကျေးရွာ၏စာတတ်မြောက်မှုနှုန်းများပြားလာစေရန်အတွက်မှာ ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေနှင့်စီးပွားရေးတိုးတက်မှုများပေါ်တွင် မူတည်နေပါသည်။ မူလတန်း စာသင်ကျောင်းအတွင်းတွင် စာရေးခုံ၊ စားပွဲ၊ ကုလားထိုင်၊ ကျောက်သင်ပုန်း၊ ဘီရိုတို့စုံလင်စွာ ရှိနေသော်လည်း ကျောင်းသားကျောင်းသူများ ထပ်မံတိုးပွားလာသောကြောင့် စာသင်ခုံများထပ်မံ ဖြည့်တင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျောင်းအုပ်ကြီးရုံးခန်းသီးသန့်မရှိသည့်အတွက် ကျောင်း အုပ်ကြီးရုံးခန်းလိုအပ်မှုရှိပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍အောင်သပြေကျေးရွာအနီး ကျုံ့ရှကျေးရွာတိုက်နယ်ဆေးရုံမှ ဝန်ဆောင်မှုများရရှိပြီး မိုးရာသီအခါများမှသာ အခန်းကုတင်မလုံလောက်မှု အနည်းငယ်ရှိပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်တုံကင်တွင်းရေကိုအများဆုံးအသုံးပြုကြပြီး တုံကင်တွင်းမရှိသော သူများသည် နွေအခါတွင် အခြားပိုင်တုံကင်တွင်ရှိသူများထံမှ သုံးစွဲခြင်း၊ မိုးတွင်းအခါတွင် အိမ်အနီး ရှိ တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် ငါးကန်မှရေများကိုလည်း အသုံးပြုကြသည်။ (Japan)မှ တူးဖော်ထားသော စက်ရေတွင်း(၁)တွင်းရှိသော်လည်း အချို့အိမ်ထောင်စုများမှာ အလှမ်းဝေး၍ လက်လှမ်းမမီခြင်း၊ လက်ရှိတုံကင်တွင်းရေများမှာ ရေဝါဖောက်များရှိခြင်းတို့ကြောင့် သန့်ရှင်းသော သောက်သုံးရေအတွက် စက်ရေတွင်း(၁)တွင်း လိုလားနေကြပါသည်။

တစ်ရွာလုံးနီးပါးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွါး တတ်သောရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ် တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာရှိလူငယ်များမှာ သာရေး၊နာရေး၊ ဘာသာရေးများတွင် တက်ကြွစွာပါဝင်ဆောင်ရွက် ကြရုံသာမက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ရပ်မိရပ်ဖများနှင့် တက်ကြွစွာ ပူးပေါင်း ပါဝင်ပြီး လုပ်ကိုင်လေ့ရှိပါသည်။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိသော်လည်း ကျေးရွာတွင် ခရစ္စယာန်ဘာသာဝင်များပြားသည့်အတွက် ရိုးရာယဉ်ကျေးမှု အနေဖြင့် ပွဲလမ်းသဘင်များတွင် ရိုးရာအကများ၊သီချင်းသီဆိုခြင်းများဖြင့် တင်ဆက်ဖျော်ဖြေမှုများ ရှိပါသည်။ နည်းပညာပိုင်းတွင် အင်တာနက်သုံးစွဲနိုင်မှုမှာလည်း များပြားပါသည်။

## (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

အောင်သပြေကျေးရွာသည် ဇလွန်-ဓနုဖြူလမ်းမကြီးအနီးတွင် တည်ရှိပြီး ဇလွန်မြို့နှင့်(၇)မိုင် ကွာဝေးပြီး ဓနုဖြူမြို့နှင့် (၁၂)မိုင် ကွာဝေးပါသည်။ ရွာအဝင်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ရွာလယ် လမ်းမကြီးမှာ တစ်ပိုင်းမှာ ၂၀၁၅ခုနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ထားသော ကျောက်ချောလမ်း(၁မိုင်)ခန့်ရှိပြီး တစ်ပိုင်းမှာ ပေ(၁၅၀၀)အတိုင်းအတာရှိ ကျောက်ပြားလမ်းဖြစ် ပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ ရွာလယ်လမ်းမကြီးမှာ ကျောက်ချောလမ်းဖြစ်သည့်အတွက် သွားလာရေးအဆင်ပြေပါသည်။ ဂုရပ်အောင်သပြေ-ဇော်ဂျီကွင်း ကျေးရွာချင်းဆက်လမ်းမှာ(၅၂၀၀'x၁၀'x၆")အတိုင်းအတာရှိပြီး ပေ(၁၉၀၀)မှာ(၁၀ပေ) အကျယ် မြေသားလမ်းဖြစ်ပြီး ပေ(၃၃၀၀)မှာ (၁၀ပေ)အကျယ်မြေသားလမ်းပေါ်တွင် (၁ပေခွဲ) ကျောက်ပြား ခင်းထားပါသည်။

ငှင်းကျေးရွာချင်းဆက်လမ်းအား ကုန်ထုတ်လမ်းအဖြစ် ရာသီမရွေး သွားလာ အသုံးပြုနိုင်ရန်အတွက် ကျောက်ချောလမ်းအဆင့်မြှင့်တင်လိုကြသည်။

ကျေးရွာတွင် ကွန်ကရစ်တံတား(၂)စင်း၊ ဝါးတံတား(၂)စင်း၊ စုစုပေါင်းတံတား(၄)စင်းရှိပါသည်။ ကျေးရွာချင်းဆက်ကွန်ကရစ်တံတား (၁၅'x၈'x၁၀')မှာ အောက်ခံကြမ်းခင်းကောင်းမွန်သော်လည်း လယ်ယာထုတ်ယာဉ်စက်ပစ္စည်းများအသုံးပြုရာတွင် တံတားပေအကျယ်နှင့် အနည်းငယ်မလွတ်သဖြင့် လက်ရမ်းများကျိုးပွဲနေ၍ အကျယ်(၈)ပေအား (၁၀)ပေအဆင့်မြှင့်တင်ပေးရန် လိုအပ်နေပါသည်။ ကျေးရွာချင်းဆက်ကွန်ကရစ်တံတား (၂၅'x၁၅'x၈')မှာ ယခင်နှစ် ၂၀၁၆ခုနှစ်အချိန်တွင် ပြုပြင်တည်ဆောက်ထားရှိပြီးဖြစ်သောကြောင့် ကောင်းမွန်ပါသည်။ ဝါးတံတားချောင်းကူးတံတား(၂)စင်းလုံးမှာ ကျေးရွာတွင်းသုံးတံတားများဖြစ်ပြီး တစ်နှစ်ပတ်လုံး စက်ဘီး၊ ဆိုင်ကယ်အဆင့် ဖြတ်သန်းသွားလာနိုင်ကြပြီး ထုတ်ကုန်များသယ်ယူပို့ဆောင်ရန် ထော်လာဂျီအဆင့်ဖြတ်သန်းနိုင်လျှင် ပိုမိုကောင်းမွန်ပါသည်။

အောင်သပြေကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် ဇလွန်ဈေးနှင့် ဓနုဖြူဈေးတို့ကို လွယ်ကူစွာလက်လှမ်းမီကြပြီး ဆိုင်ကယ်၊ လိုင်းကား၊ ထော်လာဂျီ၊ သုံးဘီး ဆိုင်ကယ်တို့ဖြင့် သွားလာကြပါသည်။ ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း သွားလာအသုံးပြုမှုမရှိပါ။ ဆိုလာနှင့်ဘက်ထရီအိုး အများဆုံးအသုံးပြုကြပြီး အချို့အိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့် မီးခွက်များကို အသုံးပြုပါသည်။ မဟာဓါတ်အားလိုင်းရရှိရေးအတွက် ကျေးရွာတစ်ရွာလုံးမှ ငွေအားနှင့်လူအား အင်တိုက်အားတိုက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာတွင် အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ မြို့နှင့်နီးခြင်း၊ ဇော်ဂျီကွင်း ကျေးရွာအုပ်စုအတွင်းတွင် ဖုန်းတာဝါတိုင်များရှိခြင်းတို့ကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူကျေးရွာသားများမှာ ဖုန်းဖြင့် Internet ပင်အသုံးပြုနေကြပါသည်။ သဘာဝဘေးအန္တရာယ်များ(ဥပမာ-မီးဘေး)ကျရောက်ခြင်းတို့အတွက် အောင်သပြေကျေးရွာမှ ဆိုင်ကယ်ဖြင့် (၁၀)မိနစ်ခန့်သွားခြင်းဖြင့် ကျုံရှမီးသတ်နှင့်ရဲစခန်းတို့ရှိသဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အတွက် အလွယ်တကူဆက်သွယ်အကြောင်းကြားကာ အကူအညီရယူနိုင်ပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

အောင်သပြေကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ၊ ရာဇဝတ်မှုများမရှိပါ။ အကြောင်းတစ်စုံတစ်ရာရှိပါကလည်း မြို့နယ်ရဲစခန်း၊ တိုက်နယ်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

အောင်သပြေကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးအရ အထူးကောင်းမွန်မှုရှိပြီး၊ တစ်နှစ်ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။ ကျေးရွာလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အတွက် ဒေသထွက်ကုန်များကို မြို့ကြီးများအထိ တင်ပို့ရောင်းချနိုင်ကြပါသည်။ မြို့ကြီးများမှ ပစ္စည်းများကိုလည်း လွယ်ကူစွာ ဝယ်ယူသယ်ဆောင်နိုင်ပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ကျုံရှတိုက်နယ်ဆေးရုံ၊ ဇလွန်မြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင် တာနက်အသုံးပြုနိုင်မှုမှာလည်း ကောင်းမွန်ပါသည်။ ပုဂ္ဂလိကဘဏ်များနှင့် ဆက်သွယ်ချိတ်ဆက် အသုံးပြုတတ်ကြပါသည်။ အခြားဒေသသို့သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေများအား ကမ္ဘောဇဘဏ်၊ ရေဝတီဘဏ်တို့မှ အများဆုံးထုတ်ယူကြသောကြောင့် ဘဏ်များနှင့်လည်း ချိတ် ဆက် အဆက်အသွယ်ပြုလုပ်နိုင်ပါသည်။

ကျေးရွာနေပြည်သူများသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေး ကိစ္စအရပ်ရပ်တိုင်းတွင် လူကြီး၊လူငယ် ကျားမပူးပေါင်း၍ ညှိနှိုင်းတိုင်ပင်ကာ အင်တိုက်အားတိုက် စည်းစည်းလုံးလုံး အကောင်အထည်ဖော်ဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရှိပါ သည်။

## (ခ) အပဟန့်အတားနှင့် စိန်ခေါ်မှု

ငါးကန်ဖြင့် ငါးမွေးမြူရေးလုပ်ငန်းမှာ စီးပွားဖြစ်ဝင်ငွေရအနေဖြင့် မွေးမြူနိုင်ခြင်းမဟုတ်ဘဲ တစ်နိုင်တစ်ပိုင် မွေးမြူကြခြင်းသာဖြစ်ပါသည်။ အကြောင်းအရင်းမှာ ငါးကန်းငယ်များဖြစ်ခြင်း၊ ငါးစာဈေးနှုန်းကြီးခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဝက်မွေးမြူရေးတွင် ဝက်ဖျားရောဂါအဖြစ်များသော ကြောင့် ဖြစ်ထွန်းမှုနည်းပါး၍ စနစ်တကျမွေးမြူလိုကြသည်။ မွေးမြူရေးစရိတ်လုံလောက်စွာမရှိ၍ လည်း စီးပွားဖြစ်မမွေးမြူနိုင်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အိမ်ထောင်စုများအတွက် ပုံမှန်ဝင်ငွေရအလုပ်အကိုင်နည်းပါး၍ တစ်ချို့မှာ တစ်နယ်တစ်ကျေးတွင် အသက်မွေးဝမ်းကျောင်းပြုနေရပါသည်။ အချို့မှာလည်း နေ့စား၊ တောင်းယက်၊ ပန်းရံ၊ လက်သမား အတတ်ပညာများဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုနေရပါသည်။ လယ်သမားများသည် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပြီး ထုတ်ချေးချိန်နောက်ကျခြင်း၊ စပါးထွက်ရှိချိန်တွင် စပါး ဈေးနှုန်းကျဆင်းနေသည့်အခါများတွင် ချေးငွေဆပ်ရန် မိမိတို့စပါးများကို ထုတ်ရောင်းရသဖြင့် အကျိုးအမြတ်များစွာ ဆုံးရှုံးရပါသည်။ ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့် အပဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်း တွင် ပိုမိုကျရောက်လာကြောင်း သိရှိရသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအ တွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်–

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအတွင်း တစ်ရွာလုံး လျှပ်စစ်မီးလင်း၍ တိုးတက်စေရ မည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင် ဖန်တီးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဖန်တီးခြင်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာသင်တန်းများရရှိခြင်းမှ တဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာအတွင်း ရေကောင်းရေသန့်ရရှိစေရမည်။

က.၄ ) ကျွန်ုပ်တို့ ရွာလူထုသည် ကျေးရွာချင်းဆက်တံတားနှင့် ကျေးရွာချင်းသုံးတံတားများအား ကုန်ထုတ်တံတားအဖြစ် အသုံးပြုရန် ကောင်းမွန်စေရမည်။

က.၅ ) ကျွန်ုပ်တို့ ရွာလူထုသည် ကျေးရွာမူလတန်းကျောင်းကို တိုးချဲ့ဆောင်တစ်ဆောင်နှင့် ကျောင်းတွင်း စာသင်ခုံများ လုံလောက်စွာရရှိစေရမည်။

က.၆ ) ကျွန်ုပ်တို့ ရွာလူထုသည် ကျေးရွာအတွင်းရှိ လူငယ်များကို အဓိကရည်ရွယ်ပြီး လူငယ်များ ကိုယ်လက်ကြံ့ခိုင်ရေး၊ စိတ်အပန်းဖြေရေးတို့အတွက် အားကစားပြုလုပ်ရန် သီးသန့်မြေနေရာတစ်နေရာ ရရှိစေရမည်။

က.၇ ) ကျွန်ုပ်တို့ ရွာလူထုသည် ကျေးရွာသူကျေးရွာသားများအားလုံး စာဖတ်စွမ်းအား တိုးတက်ပြီး အသိညဏ်ပညာထက်မြက်လာစေရန် စာကြည့်တိုက်တစ်ဆောင် အကောင်အထည်ဖော်ရရှိစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် မဟာဓါတ်အားလိုင်းဖြင့် ကျေးရွာတစ်ရွာလုံးမီးလင်းရေးအတွက် ကျေးရွာသူကျေးရွာသားများအားလုံး၏ လူအင်အား၊ ငွေအင်အား ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၂) ကျေးရွာတွင် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

ခ.၃) ကျေးရွာတစ်ရွာလုံး သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိအောင် စက်ရေတွင်း (၁)တွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင်းရှိ ထုတ်ကုန်များအား ကုန်စည်ကူးသန်းရောင်းဝယ်မှုများပြုလုပ်နိုင်ရန် ကျေးရွာချင်းဆက်တံတားနှင့် ကျေးရွာချင်းသုံးတံတားများအား ကုန်ထုတ်တံတားအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၅) ကျေးရွာတွင် စံချိန်မီသောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင်ပစ္စည်းများအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။

ခ.၆ ) ကျွန်ုပ်တို့သည် လူငယ်များ ကိုယ်ကာယကြံ့ခိုင်မှုရရှိရေး၊ စိတ်အပန်းဖြေမှုများ ရရှိရေး တို့အတွက် အားကစားပြုလုပ်ရန် သီးသန့်မြေနေရာတစ်နေရာ ရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည်။

ခ.၇) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၈) ကျေးရွာတွင် စာကြည့်တိုက်တစ်ဆောင် ရရှိအောင်ဆောင်ရွက်ခြင်း၊ စာပေဗဟုသုတများ ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေပြည်သူများ အသိညဏ်ဗဟုသုတတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတစ်ရွာလုံးမဟာဓါတ်အားလိုင်းဖြင့်မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးရရှိရေးကို ကျေးရွာသူကျေးရွာသားများ အထူးလိုအပ်နေပါသည်။ ကျေးရွာမီးလင်းမှသာလျှင် လူနေမှုဘဝတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှာ မီးလင်းနေပြီဖြစ်ပါသည်။ အောင်သပြေကျေးရွာသည် မီးလင်းနေသောကျေးရွာများ၏ အလယ်တွင် တစ်ရွာတည်းကျန်ရှိနေပါသည်။ ကျေးရွာတစ်ရွာလုံးမှလည်း လိုလိုလားလားနှင့် လုပ်အား၊ ငွေအားပါဝင်လုပ်ဆောင်နေကြပါသည်။ ကျေးရွာသည် ရွာတန်းရှည်ဖြစ်သည့်အပြင် လမ်းသွယ်များလည်းရှိနေသဖြင့် ငွေကြေးကုန်ကျမည့်စရိတ်များလည်း ပို၍များမည်ဖြစ်ပါသည်။ ကျေးရွာသူကျေးရွာသားများသည် တစ်ရွာလုံးမီးလင်းလိုကြသည်။ ထို့ကြောင့် နိုင်ငံတော်မှ အကူအညီများ ရရှိရန်နှင့် ကျေးလက်ဦးစီးဌာနမှ ချိတ်ဆက်ဆောင်ရွက်ပေးရန်အတွက်လည်း အထူးပင်လိုအပ်နေပါသည်။

### (ဂ) ရွာချင်းဆက်လမ်းနှင့် ရွာချင်းဆက်တံတားများအား အဆင့်မြှင့်တင်ပြုပြင်ခြင်း

ကျေးရွာချင်းဆက်လမ်းမှာ အနည်းငယ်ကောင်းမွန်မှု မရှိဘဲ မြေသားလမ်းပိုင်းနှင့် (၁ပေခွဲ) ကျောက်ပြားခင်းလမ်းပိုင်းများသာဖြစ်ပါသည်။ ကျေးရွာချင်းဆက်တံတားမှာလည်း အကျယ်ပေမှာ ကျဉ်းသဖြင့် လယ်ယာကုန်ထုတ်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် ကားဂွန်ဒေါင်းများ ဖြတ်သန်းသွားလာသည့်အခါ မလွတ်သဖြင့် တံတားအား အကျယ်ထပ်ချဲ့၍ အဆင့်မြှင့်တင်သင့်ပါသည်။ ကျေးရွာမီးလင်းရေးအတွက် ငွေကြေးထည့်ဝင်ပါဝင်ဆောင်ရွက်လျက် ရှိနေကြသောကြောင့် ကျေးရွာချင်းဆက်လမ်းနှင့် တံတားတို့အတွက် အဆင့်မြှင့်တင်ပြုပြင်ရန် ငွေကြေးထည့်ဝင်မှု မပြုလုပ်နိုင်တော့ပေ။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ချိတ်ဆက်၍ ကျေးရွာချင်းဆက်လမ်းနှင့် တံတားတို့အား အဆင့်မြှင့်တင်ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းနှင့် တံတားပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက်အကူပြုနိုင်ပေမည်။

### (ဃ) သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိရေးအတွက်စက်ရေတွင်းတူးဖော်ခြင်း

ကျေးရွာတွင် ကိုယ်ပိုင်တုံကင်တွင်းရေကိုအများဆုံးအသုံးပြုကြပြီး တုံကင်တွင်းမရှိသောသူများသည် နွေအခါတွင် အခြားပိုင်တုံကင်တွင်းရှိသူများထံမှသုံးစွဲခြင်း ၊ မိုးတွင်းအခါတွင် အိမ်အနီးရှိ တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် ငါးကန်မှရေများကို သုံးစွဲခြင်းတို့ဖြင့် အသုံးပြုလျက်ရှိနေကြပါသည်။ (Japan)မှတူးဖော်ထားသော စက်ရေတွင်း(၁)တွင်းရှိသော်လည်း ကျေးရွာဖွဲ့စည်းပုံမှာ ရွာတန်းရှည်ဖြစ်၍ အချို့အိမ်ထောင်စုများမှာ အလှမ်းဝေး၍ လက်လှမ်းမမီခြင်း၊ လက်ရှိတုံကင်တွင်းရေများမှာ ရေဝါဖောက်များရှိခြင်းတို့ကြောင့် သန့်ရှင်းသောသောက်သုံးရေအတွက် စက်ရေတွင်း (၁)တွင်း လိုအပ်ပေသည်။ ထို့ကြောင့် သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ကျေးလက်ဦးစီးဌာန၊ ရေအရင်းအမြစ်ဦးစီးဌာနတို့မှ စက်ရေတွင်း(၁)တွင်း ရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။

### (င) ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်းနှင့် လူငယ်များအပန်းဖြေမြေနေရာစီစဉ်ဆောင်ရွက်ပေးခြင်း

ကျေးရွာသူကျေးရွာသားများသည် စာအုပ်စာပေလေ့လာလိုက်စားမှုအားနည်းပါသည်။ စာဖတ်အားနည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရေး ကြိုးပမ်းအားထုတ်မှုလျော့နည်းကျသည်။ သမရိုးကျအလုပ်များအား သမရိုးကျအသိပညာများဖြင့် အခြေခံကျကျလုပ်ကိုင်ဆောင်ရွက်လျက်ရှိနေသောကြောင့် ကျေးရွာသူကျေးရွာသားများအားလုံး စာဖတ်စွမ်းအားတိုးတက်ပြီး အသိညဏ်ပညာထက်မြက်လာစေရန် နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးမှုနှင့်အတူ သက်ဆိုင်ရာဌာနများမှ စာကြည့်တိုက်တစ်ဆောင် ရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာအတွင်းရှိ လူငယ်များသည် သတင်းအချက်အလက်နည်းပညာပိုင်းတွင် အင်တာနက်အား ကောင်းစွာအသုံးပြုနိုင်ကြပါသည်။ သို့သော် ကိုယ်လက်လှုပ်ရှားမှု၊ အားကစားပြုမှုလှုပ်ရှားမှုများ နည်းပါးကြသောကြောင့် ကိုယ်လက်ကြံ့ခိုင်ရေး၊ စိတ်အပန်းဖြေရေးတို့အတွက် အားကစားပြုလုပ်ရန် သီးသန့်မြေနေရာတစ် နေရာရရှိစေရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ သို့သော် ကျေးရွာပိုင်လယ်မြေများမှာ စီးပွားရေးအခြေအနေအရ ရာသီဆက်တိုက်ဆက်တိုက် သီးနှံများအား စိုက်ပျိုးနေကြသောကြောင့် သီးသန့်အားကစားမြေနေရာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါသည်။

### (စ) ကျေးရွာမူလတန်းကျောင်းဆောင်တွင် လိုအပ်လျက်ရှိသော စာသင်ခုံများဖြည့်တင်းဆောင်ရွက်ခြင်း

ကျေးရွာအတွင်းရှိ မူလတန်းစာသင်ကျောင်းအတွင်းတွင် စာရေးခုံ၊ စားပွဲ၊ ကုလားထိုင်၊ ကျောက်သင်ပုန်း၊ ဘီရိုတို့စုံလင်စွာ ရှိနေသော်လည်း ကျောင်းသားကျောင်းသူများ ထပ်မံတိုးပွားလာသောကြောင့် စာသင်ခုံများထပ်မံ ဖြည့်တင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျောင်းအုပ်ကြီးရုံးခန်း သီးသန့်မရှိသည့်အတွက် ကျောင်းအုပ်ကြီးရုံးခန်း လိုအပ်မှုရှိပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအစိုးရဌာနများဖြစ်ကြသော ပညာရေးဌာနနှင့် ကျေးလက်ဦးစီးဌာနတို့မှ ကျောင်းဆောင်အတွင်းရှိ လိုအပ်ချက်များအား ပါဝင်ကူညီဆောင်ရွက်ပေးသင့်ပေသည်။

### (ဆ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

အောင်သပြေကျေးရွာတွင် ပညာမတတ်သူလူငယ်အချို့မှာ မိမိဘဝတိုးတက်ရေးအာမခံချက်နိုင်သည့် လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပါးသည်။ လက်လုပ်လက်စားကျပန်းအလုပ်သမားများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ စိုက်ပျိုးသီးနှံများအပေါ်တွင်သာ ကျပန်းအဖြစ် လုပ်ကိုင်စားသောက်နေကြရပါသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးမည်ဆိုလျှင် ပိုမိုကောင်းမွန်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း

အသက်မွေးလုပ်ကိုင်သူများနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများမှာလည်း ကျွမ်းကျင်မှုအသိပညာအားနည်းမှုများရှိနေသဖြင့် သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းတို့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာပေးသင်တန်းများအား အနီးကပ်သင်တန်းပေးမှုများ လိုအပ်ပေသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | ၁။ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း | ၉၆ | ၁ | –ကျေးရွာလျှပ်စစ်မီးသွယ်တန်းခြင်း (11/0.4KV 100KVA Transformer(၁)လုံး၊ 11KV Line 4000’ နှင့်400V Line 2000’) | ကျေးလက်ဦးစီး |
| *ကျေးရွာအဆောက်အအုံ* | ၂။ ကျေးရွာချင်းဆက်လမ်းကျောက်ချောခင်းခြင်း | ၈၃ | ၂ | –ကျေးရွာချင်းဆက်(၅၂၀၀’x၁၀’x၆”)အတိုင်းအတာရှိမြေသားလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း | ကျေးလက်ဦးစီး |
| *ကျန်းမာရေး* | ၃။ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေး | ၈၁ | ၃ | – သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီး |
| **ကျေးရွာအဆောက်အအုံ** | ၄။ ကျေးရွာချင်းဆက်တံတားအား အဆင့်မြှင့်တင်ခြင်း | ၇၈ | ၄ | – ကျေးရွာချင်းဆက်တံတား(၁၅’x၈’x၁၀’)မှာကုန်ထုတ်ယာဉ်များဖြတ်သန်းသွားလာနိုင်ရန်အကျယ်(၈)ပေအား (၁၀ပေ)အကျယ်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီး |
| *ပညာရေး* | ၅။ ကျောင်းစာသင်ခုံများဖြည့်တင်းဆောင်ရွက်ခြင်း | ၆၅ | ၅ | –ကျေးရွာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေတိုးပွားလာပြီး လက်ရှိစာသင်ခုံများမှာ ခိုင်ခံ့မှုအားနည်းနေသဖြင့် စာသင်ခုံများလုံလောက်အောင်ဖြည့်တင်းပေးခြင်း | ပညာရေး |

| | | | | |
|---|---|---|---|---|
| *လူငယ်ဖွံ့ဖြိုးရေး* | ၆။လူငယ်များကိုယ်လက်ကြံ့ခိုင်ရေးအတွက်အားကစားပြုလုပ်ရန်မြေနေရာစီစဉ်ဆောင်ရွက်ပေးခြင်း | ၃၇ | ၆ | – အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်း။ |
| *မွေးမြူရေး* | ၇။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၃၆ | ၇ | –မွေးမြူရေးချေးငွေများပိုမိုရရှိရန်ဆောင်ရွက်ခြင်း။<br>– ခေတ်မီမွေးမြူရေးစနစ် များ လက်တွေ့ဆောင်ရွက်ခြင်း၊<br>– မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ – |
| *ပညာရေး* | ၈။ လူငယ်များပြင်ပဗဟုသုတများရရှိလာအောင်ဆောင်ရွက်ခြင်း | ၃၃ | ၈ | – လူငယ်များစာဖတ်စွမ်းရည်တိုးတက်စေရန်နှင့် ပြင်ပဗဟုသုတများ ရရှိလာအောင် စာကြည့်တိုက်ဆောက်လုပ်ခြင်း |
| *လူငယ်ဖွံ့ဖြိုးရေး* | ၉။အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများစီစဉ်ဆောင်ရွက်ပေးခြင်း | ၃၁ | ၉ | –ကျေးရွာရှိကျပန်းအမျိုးသားများအတွက်ရည်ရွယ်ပြီးအသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ပြင်သင်တန်းများ၊ဆိုင်ကယ်ပြင်သင်တန်းများဖွင့်လှစ်ပေးခြင်း |
| *စိုက်ပျိုးရေး* | ၁၀။စိုက်ပျိုးရေးဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၂၇ | ၁၀ | –စိုက်ပျိုးရေးချေးငွေများပိုမိုရရှိရန်ဆောင်ရွက်ခြင်း<br>–ခေတ်မီစိုက်ပျိုးရေးစနစ်များလက်တွေ့ဆောင်ရွက်ခြင်း<br>–စိုက်ပျိုးရေးနည်းပညာသင်တန်းများပို့ချပေးခြင်း |
| *လူငယ်ဖွံ့ဖြိုးရေး* | ၁၁။အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများစီစဉ်ဆောင်ရွက်ပေးခြင်း | ၂၆ | ၁၁ | –ကျေးရွာရှိကျပန်းအလုပ်လုပ်ကိုင်သူအမျိုးသမီးများအားရည်ရွယ်ပြီးအသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံအပ်ချုပ်စက်သင်တန်းများဖွင့်လှစ်ပေးခြင်း |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၁ | —— | | | | |
| ၂။ ကျေးရွာချင်းဆက်လမ်းအားကျောက်ချော လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း | ၂ | | —— | | | |
| ၃။ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း | ၃ | | —— | —— | | |
| ၄။ (၈)ပေအကျယ်ကျေးရွာချင်းဆက်တံတား အား(၁၀)အကျယ်အဆင့်မြှင့်တင်ခြင်း | ၄ | | | | —— | |
| ၅။ ကျောင်းစာသင်ခုံလုံလောက်စွာရရှိရေး ဖြည့်တင်းဆောင်ရွက်ခြင်း | ၅ | | | —— | —— | —— |
| ၆။ လူငယ်များကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားပြုလုပ်ရန်မြေနေရာစီစဉ် ဆောင်ရွက်ပေးခြင်း | ၆ | | | | | —— |
| ၇။ မွေးမြူရေးနည်းပညာပေးသင်တန်းများ ပို့ချပေးခြင်း | ၇ | | —— | —— | | |
| ၈။ လူငယ်များပြင်ပဗဟုသုတများရရှိလာ အောင်၊ စာဖတ်စွမ်းရည်တိုးတက်မြင့်မား လာစေအောင်စာကြည့်တိုက်တည်ဆောက် ခြင်း | ၈ | | | | —— | —— |
| ၉။ကျပန်းအလုပ်လုပ်ကိုင်သူအမျိုးသားများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ပြင်၊ ဆိုင်ကယ်ပြင်သင်တန်းများဖွင့် လှစ်ခြင်း | ၉ | —— | —— | | | |
| ၁၀။စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများပို့ ချပေးခြင်း | ၁၀ | | —— | —— | —— | |
| ၁၁။ကျပန်းအလုပ်လုပ်ကိုင်သူအမျိုးသမီးများ အတွက်အသက်မွေးဝမ်းကျောင်း | ၁၁ | | | | —— | —— |

| |
|---|
| အထောက်အကူပြုသင်တန်းများ<br>ဖွင့်လှစ်ခြင်း |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | ကျေးရွာချင်းဆက်လမ်းအားကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း | | | √ | | |
| ၃ | သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက်စက်ရေတွင်းတူးဖော်ခြင်း | | | √ | | |
| ၄ | (၈)ပေအကျယ်ကျေးရွာချင်းဆက်တံတားအား (၁၀)အကျယ်အဆင့်မြှင့်တင်ခြင်း | | | √ | | |
| ၅ | ကျောင်းစာသင်ခုံလုံလောက်စွာရရှိရေးဖြည့်တင်းဆောင်ရွက်ခြင်း | | | √ | | |
| ၆ | လူငယ်များကိုယ်လက်ကြံ့ခိုင်ရေးအတွက်အားကစားပြုလုပ်ရန်မြေနေရာစီစဉ်ပေးခြင်း | | | | √ | |
| ၇ | မွေးမြူရေးနည်းပညာပေးသင်တန်းများပို့ချပေးခြင်း | | | | √ | |
| ၈ | လူငယ်များပြင်ပဗဟုသုတများရရှိလာအောင်၊ စာဖတ်စွမ်းရည်တိုးတက်မြင့်မားလာစေအောင် စာကြည့်တိုက်တည်ဆောက်ခြင်း | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | ကျပန်းအလုပ်လုပ်ကိုင် သူအမျိုးသားများ အတွက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ပြင်၊ ဆိုင်ကယ်ပြင်သင်တန်းများဖွင့်လှစ်ခြင်း | | | | √ | |
| ၁၀ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ပို့ချပေးခြင်း | | | | √ | |
| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
| | | | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁၁ | ကျပန်းအလုပ်လုပ်ကိုင်သူအမျိုးသမီးများအတွက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံ ခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်

ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စ များတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည် ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်း အလိုက်

တာဝန်ယူ ဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများစသည် တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ(၁)**

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၆ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၂၈ | ၃၂ | ၆၀ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၅ | ၄၆ | ၉၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၉ | ၄၈ | ၈၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၅ | ၃၄၅ | ၆၆၀ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၂၁ | ၃၂ |
| **စုစုပေါင်း** | | **၄၄၄** | **၄၉၈** | **၉၄၂** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၁၉၅** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ အောင်သပြေကျေးရွာတွင် အိမ်ခြေ(၁၈၅)အိမ်၊ အိမ်ထောင်စု(၁၉၅)နှင့် လူဦးရေ (၉၄၂)ဦး ရှိကြောင်း၊ အလုပ်လုပ်နိုင်သောအရွယ်များပြားကြောင်း၊ သက်ကြီးရွယ်အို အနည်းငယ်သာရှိကြောင်း၊ ဘွဲ့ရပညာတတ်ဦးရေ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| | **လယ်ယာစိုက်ပျိုးရေး** | | | | |
| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉၅ | ၁၆၉ | ၂၂ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၆ | ၃၇ | ၃၆ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၃ | ၄ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | ၁ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၃ | ၃ | ၁၁ | မြင့် ☐ လတ် ☒ နိမ့် ☐ |

| | | | | | |
|---|---|---|---|---|---|
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စဉ်** | **လုပ်ငန်းများ** | **အဓိက အလုပ်အကိုင်** | | **အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)** | **ရပ်တည်နိုင်မှု** (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
| | | **အိမ်ထောင်စု** | **မိသားစုဝင် လုပ်အား** | | |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | ၁ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | ၄ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၉ | ၃ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | ၄ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| | | | | | |
|---|---|---|---|---|---|
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | ၁ | ၂ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်ငွေ လုပ်အား | | |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | ☐ |
| | အလုပ်သမား/ ကျပန်း/ ရာသီအလိုက်အလုပ်သမား | ၆၅ | ၁၀၅ | ၂ | |
| | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| ၂၁ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၉၅ | ၃၃၅ | ၉၂ | ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | ၁ | မြင့် ☐ လတ် ☒ နိမ့် ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **‘ အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ’** အရေအတွက်တွင် **‘ မိသားစုဝင်ငွေ လုပ်အား’** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **‘ ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)’** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ– **‘စိုက်ပျိုးရေး’** ကဏ္ဍ၏ **‘ကိုယ်ပိုင်လုပ်ငန်း’** တွင် ရပ်တည်နိုင်မှု **‘မြင့်’** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်သမား အများ ဆုံးတွေ့ရှိရပြီး ၎င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူထက် အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမားပို၍များကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေးနှင့်သဘာဝ အရင်းအမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၇၀၀၀ | - | ၆၀၀၀ | - |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။အောင်သပြေကျေးရွာတွင်လယ်ယာလုပ်ငန်းအတွက်ယောကျ်ားလေးများနှင့် မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ (၃၀၀၀)ကျပ် ဖြစ်ပါသည်။ ပန်းရံ ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀၀၀၀/အထိ ရနိုင်ကြသည်။ လယ်ယာ စိုက်ပျိုးရေး နေ့စားလုပ်ကိုင်သူများသည် တစ်နေ့စာစရိတ်ငြိမ်းထမင်းကျွေးနေ့ရှင်းဖြစ်ပါသည်။ စက်ရုံများတွင် သွားရောက်လုပ်ကိုင်သူများသည် ပျမ်းမျှအားဖြင့် တစ်နေ့လုပ်အားခ (၅၀၀၀)ကျပ် ရရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဂ) သဘာဝအရင်းအမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၀.၀၀၀ | ကောင်း ▢ သင့် Â ▢ ညံ့ ▢ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ▢ သင့် ▢ ညံ့ ▢ |
| ဥယျာဉ်ခြံမြေ | ၈၆.၉၂၅ | ကောင်း ▢ သင့် Â▢ ညံ့ ▢ |
| ကိုင်း/ကျွန်းမြေ | ၃ | ကောင်း ▢ သင့် Â▢ ညံ့ ▢ |
| ဓနိတောမြေ | - | ကောင်း ▢ သင့် ▢ ညံ့ ▢ |
| စားကျက်မြေ | - | ကောင်း ▢ သင့် ▢ ညံ့ ▢ |

| | | |
|---|---|---|
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၇၉.၉၂၅** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။** အောင်သပြေကျေးရွာရှိ လယ်မြေများတွင် မိုးစပါး၊ ဆောင်းစပါး၊ မတ်ပဲနှင့် ခြံမြေများတွင် ကွမ်းအများဆုံးစိုက်ပျိုးကြသည်။ ကိုင်းလုပ်ငန်းလုပ်ကိုင်သူ တစ်အိမ်ထောင်စုသာ ရှိကြောင်း၊ ယာမြေ၊ ဓနိတောမြေ၊ စားကျက်မြေနှင့် မြေလွတ်မြေလပ် များမရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(ဂ-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ခတ်ငွေ့၊ရေနံကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည့်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။ ။** အောင်သပြေကျေးရွာတွင် ခတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | (၅)ကေအောက် (၁၄)ဦး<br>(၈)ကေ(၁)ဦး<br>(၁၅)ကေ(၁)ဦး<br>မြေကေမဲ့(၃)ဦး | (၃)ကေအောက် (၅၆)ဦး<br>မြေကေမဲ့(၁၀)ဦး | (၁)ကေအောက် (၂၆)ဦး<br>မြေကေမဲ့(၃၆)ဦး | (၀.၃)ကေအောက် (၈)ဦး<br>မြေကေမဲ့(၄၀)ဦး |

| အိမ်အခြေအနေ | သစ်သားအိမ်– ၁၂အိမ်<br>တိုက်ခံအိမ် – ၇အိမ် | သစ်သားအိမ် –<br>၆၆အိမ် | သွပ်မိုးဝါးကပ်ကာ<br>အိမ်–၆၂ အိမ် | ဝါးအိမ်–၄၈အိမ် |
|---|---|---|---|---|
| အဓိကစီးပွားရေး<br>လုပ်ငန်း | လယ်လုပ်ငန်းများ<br>ခြံလုပ်ငန်းများ | ခြံနှင့် မွေးမြူရေး<br>လုပ်ငန်းများ | မွေးမြူရေး<br>လုပ်ငန်းများ | ကျပန်း<br>လုပ်ငန်းများ |
| အိမ်ထောင်စု | ၁၉ | ၆၆ | ၆၂ | ၄၈ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အောင်သပြေကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု၁၉(၁၀%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၆၆(၃၄%)၊ ဆင်းရဲသော အိမ်ထောင်စု ၆၂(၃၂%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု ၄၈(၂၄%) ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။ လေ့လာတွေ့ရှိချက်အရ အဆင်ပြေသောအိမ်ထောင်စုအနည်းစုသာရှိပြီး စိုက်ပျိုးမြေယာ ပိုင်ဆိုင် မှုအနည်းငယ်သာရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူနည်းပြီး ကျပန်းလုပ်သားများနှင့် အခြားဒေသသွားရောက်လုပ်ကိုင်သူများကြောင်း၊ ဓနအင်အားအဆင့် (၃)နှင့်(၄)သမားများမှာ အနည်းစုသာ စိုက်ပျိုးခြံမြေကေအနည်းငယ်ပိုင်ဆိုင်ကြပြီး ကျန်အိမ်ထောင်စု အားလုံးတို့မှာ စိုက်ပျိုးမြေကေမဲ့များဖြစ်ကြပြီး ကျပန်းလုပ်သားအများဆုံးဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ** (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃ လအောက်<br>ဝမ်းစာဖူလုံမှု | ၁၈ | အခြားအစာပြောင်းလဲစား = ------------------------------<br>အစာလျှော့စား = ------------------------------<br>အထောက်အပံ့ယူ = ------------------------------<br>ချေးယူ = ---၁၈------------------------<br>လုပ်အားခကြိုယူ = ------------------------------ |
| ၃ လနှင့်<br>၆လကြား<br>ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ------------------------------<br>အစာလျှော့စား = ------------------------------<br>အထောက်အပံ့ယူ = ------------------------------<br>ချေးယူ = ------------------------------<br>လုပ်အားခကြိုယူ = ------------------------------ |
| ၆လမှ<br>၁၂လအထိ<br>ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ------------------------------<br>အစာလျှော့စား = ------------------------------<br>အထောက်အပံ့ယူ = ------------------------------<br>ချေးယူ = ------------------------------<br>လုပ်အားခကြိုယူ = ------------------------------ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသူကျေးရွာသားများမှာ (၁)လစာဝမ်းစာဖူလုံကြပြီး (၁)လနှင့်အထက် ဝမ်းစာဖူလုံမှုမရှိကြောင်းတွေ့ရှိရသည်။ ချေးငွေအနေဖြင့် (UNDP၊ ကိုရီးယားချေးငွေနှင့် ငွေတိုးချေးသူများ) ထံမှ ချေးယူသုံးစွဲကြပြီး ချေးယူသူအများစုမှာ စားသုံးရန်အတွက်ချေးယူကြခြင်းဖြစ်ကြောင်း၊ (၁)လအတွင်း ဝမ်းစာဖူလုံမှုမရှိသူဦးရေ(၁၈)ဦးရှိပြီး ထိုသူများမှာ စိုက်ပျိုးမြေယာပိုင်မရှိသော လက်လုပ်လက်စား ကျပန်း အလုပ်သမားများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (င–၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက် | ၂ | ၅ | ၇ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ်.... ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အောင်သပြေကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက်(၇)ဦးနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု(၁၀)စု တွေ့ရှိရသော်လည်း ဆိုးဆိုးရွားရွားထိခိုက်နိုင်သည့်အခြေ အနေမျိုး မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (င–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |

| | | |
|---|---|---|
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် –နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု– လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက်–မြင့်)

**လေ့လာတွေ့ရှိချက်။** ။ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် တီဘီရောဂါဖြစ်ပွားသူ အိမ်ထောင်စု(၃)စု တွေ့ရှိရသော်လည်း အန္တရာယ်ရှိနိုင်သည့်အခြေအနေမျိုးမဟုတ်ပါ။ စားနပ်ရိက္ခာအနေဖြင့် မိမိတို့တစ်ဝမ်းတစ်ခါး အထိုက်အလျောက် ဝမ်းစာဖူလုံမှုရှိပါသည်။ အန္တရာယ်ရှိလောက်သည့် ထိခိုက်သက် ရောက်လွယ်သည့် ကဏ္ဍမျိုး မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသောတောင်သူ | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးဆက်ရောဂါထူပြောသော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |

| | | |
|---|---|---|
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ Â |
